# နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ စာရင်းစစ်ချုပ်ဥပဒေ
## (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥပဒေအမှတ် ၅/၈၈)

၁၃၅၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၃ ရက်

၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း(၁)

### အမည်

၁။ ဤဥပဒေကို စာရင်းစစ်ချုပ် ဥပဒေဟုခေါ်တွင်စေရမည်။

### အခန်း(၂)

### စာရင်းစစ်ချုပ်ခန့်အားခြင်းနှင့် စာရင်းစစ်ချုပ်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၂။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် စာရင်းစစ်ချုပ်တစ်ဦးနှင့် ဒုတိယ စာရင်းစစ်ချုပ်တစ်ဦးကို ခန့်ထားရမည်။

၃။ စာရင်းစစ်ချုပ်၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်။

(က) နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ အစိုးရအဖွဲ့၊ ဝန်ကြီးဌာန၊ အစိုးရဌာနများ၏ ဆောင်ရွက်ချက်များသည် ပြည်သူလူထုအတွက် အကျိုးသက်ရောက်မှု ရှိ/မရှိ စစ်ဆေး၍ သက်ဆိုင်ရာသို့ တင်ပြခြင်း။

(ခ) ရသုံးမှန်းခြေ ငွေစာရင်းပါ ရငွေများကိုလည်း စုံလင်စွာ ရရှိအောင် ရှိ/မရှိစစ်ဆေးခြင်း

(ဂ) ရသုံးမှန်းခြေငွေစာရင်းပါ သုံးခွင့်ပြုထားသည့် ငွေကြေးများကို ထိရောက်စွာ အသုံးပြု မပြု စစ်ဆေးခြင်း။

(ဃ) အစိုးရအဖွဲ့၊ ဝန်ကြီးဌာနများ၊ အစိုးရဌာနများအတွက် စာရင်းအင်း ထားသိုပုံနည်း စနစ်သတ်မှတ်ပေးခြင်းနှင့် သတ်မှတ်ထားသော စနစ်နှင့်အညီ ကျင့်သုံးခြင်း ရှိ/မရှိ စစ်ဆေးခြင်း။

(င) တည်ဆဲဥပဒေအရဖြစ်စေ၊ ဤဥပဒေအရဖြစ်စေ ထုတ်ပြန်သော နည်းဥပဒေများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများအရဖြစ်စေ သတ်မှတ်သော အခြားတာဝန်များထမ်းဆောင်ခြင်း။

၄။ စာရင်းစစ်ချုပ်၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်။

(က) စာရင်းစစ်ချုပ်ရုံး၊ ပြည်နယ် သို့မဟုတ် တိုင်းစာရင်းရုံးနှင့် မြို့နယ်စာရင်းရုံးများကို လိုအပ်သလို ဖွဲ့စည်းခြင်း။

(ခ) ဒုတိယစာရင်းစစ်ချုပ်နှင့် စာရင်းဝန်ထမ်းများ၏ လုပ်ငန်းတာဝန်များကို သတ်မှတ် ခြင်း။

(ဂ) လိုအပ်သော နည်းဥပဒေများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများ လက်စွဲများကို ထုတ်ပြန်ခြင်း။

FROM : FAX NO. : 18 Jul. 2010 7:11PM P1

## အခန်း(၃)

### အထွေထွေ

၅။ ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့ဥပဒေ (၁၉၇၄ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၁၂) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

(ပုံ) စောမောင်
ဗိုလ်ချုပ်ကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

FROM : FAX NO. : 18 Jul. 2010 7:12PM P2